ထံဂုၤကီၢ်ဂၤကညီကရၢ

**International Karen Organisation**

Asia Pacific Region European Region US/Canada Region

--------------------------------

ကေအဲန်ယူဌာနချုပ်၏ ၁၆ဖေဖော်ဝါရီ ၂၀၁၅ ထုတ်ပြန်ကြေငြာချက်အပေါ်
(IKO) ၏ သဘောထားထုတ်ပြန်ချက် အမှတ်၄/၂၀၁၅။
၂၀ ဖေဖော်ဝါရီလ ၂၀၁၅

၁။ ဖေဖော်ဝါရီလ ၁၂ရက်အတုအရောင်ပြည်ထောင်စုနေ့တွင် စစ်အုပ်ချုပ်ရေးတပိုင်း ဦးသိန်းစိန် အစိုးရ၏ ကြိုတင်စီမံထားသောနိုင်ငံရေးကျော့ကွင်းအတွင်းသို့ ကေအဲန်ယူကိုယ်စားလှည်များမကျရောက်စေရန် ကေအဲန်ယူကဗဟိုအမြဲတမ်းကော်မီတီအစည်းအဝေးတရပ်ကို ဖေဖော်ဝါရီလပထမအပတ်တွင်ပြုလုပ်ခဲ့သည်ဟုသိရသည်။

၂။ ကေအဲန်ယူကိုယ်စားလှည်က "ကြေငြာချက်တစုံတရာကို ထုတ်ပြန်ခဲ့ပါကမိမိအဖွဲ့အစည်း၏ပေါ်လစီရပ်တည်ချက်များကိုသွေဖယ်ဆန့်ကျင်မှုမရှိဘဲအခြားသော တိုင်းရင်းသားအဖွဲ့အစည်းများနှင့်ပူးပေါင်း လုပ်ဆောင်သွားမည်"ဟုထိုအစည်းအဝေးတွင်သဘောတူဆုံးဖြတ်ခဲ့ကြောင်းသိရသည်။ တနည်းဆိုသော်ကေအဲန်ယူ၏(၁၅)ကြိမ်မြောက်ကွန်ကရက် ဆုံးဖြတ်ချက်ကိုမသွေဖီရန်နှင့်ကေအဲန်ယူပါဝင်ဖွဲ့စည်းထားခဲ့သည့် ညီညွတ်သောတိုင်းရင်းသားဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်များနှင့်တညီတညွတ်တည်းစုပေါင်းလက်မှတ်ရေးထိုးရမည်ဖြစ်သည်။ မဟာမိတ်အဖွဲ့ဝင်များက လက်မှတ်မထိုးလျှင်ကေအဲန်ယူကိုယ်စားလှည်များကလဲလက်မှတ်မထိုးရန်အထက်ပါအစည်းအဝေးကသဘောတူဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

၃။ထိုသို့သဘောတူစည်းမျဉ်းများကြိုတင်ချမှတ်ထားခဲ့သော်လည်း စေလွှတ်လိုက်သော ကေအဲန်ယူ ကိုယ်စားလှည် (၂) ဦးက ကေအဲန်ယူ အစည်းအဝေဆုံးဖြတ်ချက်ကိုသွေဖီခါ (UNFC) အဖွဲ့ဝင်တဖွဲ့မှပါဝင်ခြင်းမရှိဘဲ ဦးသိန်းစိန်အစိုးရနှင့်၁၂-၀၂-၂၀၁၅ "ကတိကဝတ်" စာချုပ်ကိုမိမိတို့(၂)ဦးတည်း၏သဘောအရလက်မှတ်ထိုးခဲ့ကြသည်ဟုသိရသည်။

၄။ဤလုပ်ရပ်မျိုးကို အခွင့်အာဏာအလွဲသုံးစားလုပ်မှုအဖြစ် ကမ္ဘာပေါ်ရှိမည်သည့်အဖွဲ့အစည်းတိုင်း၊ အစိုးရတိုင်းကမဆိုသတ်မှတ်ကြပြီး အထူးအရေးယူဆောင်ရွက်မှုများကိုပြုကြစမြဲဖြစ်သည်။ ဤလုပ်ရပ်သည် မိခင်ကေအဲန်ယူအဖွဲ့အစည်း၏အုပ်ချုပ်ရေးယန္တယားကိုလည်းထိခိုက်ယိမ်းယိုင်စေနိုင်သည့်ပြင် စစ်မှန်သောငြိမ်းချမ်းရေးအကောင်အထည်ဖေါ်ဆောင်ရေးအတွက် NCCT နှင့် UNFCတို့နှင့် ရှေ့ ဆက်လက်တွဲလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကိုလဲ အခက်အခဲအဟန့်အတား ဖြစ်စေမည်ဖြစ်သည်။

၅။ ထို့ပြင်အဆိုးဆုံးသော အကျိုးဆက်မှာ ကရင့်တော်လှန်ရေးနှင့် ကရင်တမျိုးသားလုံး၏ အနာဂတ်ကိုပျက်စီးရာ ပျက်စီးကြောင်းဖြစ်စေနိုင်သဖြင့် ကေအဲန်ယူ ဗဟိုဌာနချုပ်၏ ဖေဖော်ဝါရီလ ၁၆ရက် ၂၀၁၅ သဘောထားထုတ်ပြန်ချက်အတိုင်း အဆိုပါအမှုကို အဖွဲ့ အစည်းအတွင်းစနစ်တကျ ပြန်လည်ဖြေရှင်းမှုပြုခါ ကေအဲန်ယူ မူဝါဒနှင့်အညီ ဘဝတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် ညီညွတ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားပါရန် (IKO) နှင့် (IKO) ပြည်တွင်းကွန်ယက် ကရင်အမျိုး သားဆိုင်ရာ အဖွဲ့ အစည်းများမှလေးနက်စွာ တိုက်တွန်းအပ်ပါသည်။

အမှုဆောင်အဖွဲ့
နိုင်ငံတကာကရင်အမျိုးသားအစည်းအရုံး (IKO)

ဆက်သွယ်ရန်-Mahn Orlando (မြန်မာနှင့် ကရင်ဘာသာ) 006 1431 527267
-Naw Htooku Hsarsay (English, Karen) 004 4794 0522425
-Naw Myra Dahgaypaw (English,Karen) 001 7182 072556